ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

၂၀၁၇ ခုနှစ် ပင်လည်ဘူးမြို့

မာတိကာ


၁။ပင်လည်ဘူးမြို့နယ်မြေပုံ .......... 2

၂။မံစီလေးအုပ်စုမြေပုံ .......... 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ .......... 4

၄။ကျေးရွာအခြေခံအချက်အလက်များ .......... 4

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် .......... 5

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .......... 7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ .......... 26

၈။ကော်မတီဝင်များစာရင်း .......... 31

၉။ပုံစံ-၁။ကျေးရွာအချက်အလက် .......... 32

၁၀။ပုံစံ-၂။စီမံကိန်းစက်ဝန်းအချိန်ဇယား .......... 35


၁၁။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .......... 37

၁၂။ပုံစံ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ .......... 39


၁၃။အစည်းအဝေးမှတ်တမ်းများ .......... 41

၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အနှစ်ချုပ် .......... 45


## ၁။ ပင်လည်ဘူးမြို့နယ် မြေပုံ



# မံစီလေးကျေးရွာအုပ်စု




## ရည်ညွှန်းချက်



ကျေးရွာအုပ်စု

ကျေးရွာ

ချောင်း

ကားလမ်း

အုပ်စုနယ်နိမိတ်

## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

မံစီလေး၊ နန်းမော်ပင်၊ ချောင်းပေါက်၊ ပေ့ဇရွတ် ကျေးရွာတို့ပါဝင်သည်။

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရှေးယခင်က မံစီလေးကျေးရွာတွင် နေထိုင်ကြသော လူမျိုးများသည် တိဘက်နွယ်ဝင် ကဒူးနှင့်ချင်းလူမျိုးများ ရောစပ်ထားသည့်လူမျိုးများဖြစ်ကြောင်း သိရှိရပါသည်။ မံစီလေးကျေးရွာ၏ အမည်သည် ယခင်စော်ဘွားခေတ်က အစွန်ဘဏ္ဍာဆက်သသည့်အခါတွင် 'မှန်ပါစေ' ဟုအမည်တွင်ခဲ့ရာမှ ယခုအခါတွင် မံစီလေးကျေးရွာဟု ခေါ်တွင်ခဲ့ကြပါသည်။ မံစီလေးအုပ်စုတွင် ဆည်နှစ်ခုရှိပါသည်။ တစ်ခုမှာ မံစီဆည်ဖြစ်ပြီး ကျန်တစ်ခုမှာ မြောက်ကုန်းဆည်ဖြစ်ပါသည်။ မံစီဆည်မြောင်းအား တူးဖော်ဖောက်လုပ်ရန်အတွက် ငှားရမ်းရာတွင် ငွေစိမ်းတုံး အချိန်သုံးပိဿာ ပေး၍ငှားရမ်းခဲ့ရကြောင်းသိရှိရပါသည်။ မြောက်ကုန်းဆည်မှာ ၁၂၆၁ခုနှစ်တွင် မံစီသူကြီး ဦးစံပေါ်နှင့် ခရိုင်စာရေး ဦးကျော်နိုင်တို့ လက်ထက်တွင် တည်ဆောက်ခဲ့ကြောင်း သိရှိရပါသည်။ ယခင်ကဖွံ့ဖြိုးတိုးတက်မှု အားနည်းသော ကျေးရွာဖြစ်ခဲ့သော်လည်း ယခုအခါတွင်မူ ဖွံ့ဖြိုးမှုအရှိန်အဟုန် အားကောင်းနေသော စံပြကျေးရွာအဖြစ်မြင်တွေ့နိုင်ပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၃၂၈ | ၈၀၅ | ၉၀၀ | ၁၇၀၅ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၅ | ၃၅ | ၅၀ | ၈၅ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | ၅ | ၂ | ၃ | ၅ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးရောင်း | လယ်ကူလီ |
| မြေပဲ | ဝက် | ကုန်သည် | |
| ကြက်သွန် | ကျွဲ | | |
| နှမ်း | နွား | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၈၀ ဧက | ၁၃၀ ဧက | ၁၅၀ ဧက | ရှိ | ၂၀ /၁ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၅ | ၇ | ၂၀ | ၅ | ၁ | ၃၀ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၂၅ | ၃၀ | ၃၀၀ | ၁၁၁ | ၁၄၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၅၀ | ၂၀၀ | ၁၅ | ၁၁၀ | |
| | | | | | |

## ၈။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | -/၁ | ၁ | ၃၀ | ၁၅၀ | - | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ၂၃-၁-၂၀၂၄ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စုများ | ၄၇ | ၁၀၅ | ၁၅၂ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၃-၁-၂၀၂၄ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၅၄ | ၁၇၀ | ၂၂၄ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၂၀-၁၂-၂၀၁၅ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၄၇ | ၁၀၅ | ၁၅၂ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၂၁-၁၂-၂၀၁၅ | အမျိုးသား/သမီးများ ကော်မတီဝင်များ | ၅၄ | ၁၇၀ | ၂၂၄ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းမျာ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၂၁-၁၂-၂၀၁၅ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၅၄ | ၁၇၀ | ၂၂၄ | အကျိုးပြဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ် မူတည်၍ ဆုံးဖြတ်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၀-၁၂-၂၀၁၅ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ ထောက်အဖွဲ့ | ၄၇ | ၁၀၅ | ၁၅၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၇ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၂၀-၁၂-၂၀၁၅ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄၇ | ၁၀၅ | ၁၅၂ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၈ | ကျားမ ရေးရာခွဲခြမ်းစိတ်ဖြာခြင်း | ၂၁-၁၂-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၅၄ | ၁၇၀ | ၂၂၄ | ပြဿနာ၊အခွင့်အရေး၊လက်ရှိ အခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၉ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၂၁-၁၂-၂၀၁၅ | ကျေးရွာစီ/ ထောက်အဖွဲ့၊ ကျေးရွာလူထု | ၅၄ | ၁၇၀ | ၂၂၄ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၁။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။(Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | **အိမ်အခြေအနေ-** အုတ်တိုက်၊ ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၈ ကေအထက်<br>**ကျွဲ၊ နွား-** ၅ ကောင်အထက်<br>**အခြားပိုင်ဆိုင်မှု-** ဆန်စက်၊ ထွန်စက်၊ ၊ ကား၊ ဈေးဆိုင် | ၉၈ | ၃၀% |
| အလယ်အလတ် | **အိမ်အခြေအနေ-** ပျဉ်ထောင်သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၅-၈ ကေကြား<br>**ကျွဲ၊ နွား-** ၅-၃ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ထွန်စက် | ၁၄၉ | ၄၅% |
| နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သွပ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** ၃-၁ ကေကြား<br>**ကျွဲ၊ နွား-** ၃-၁ ကောင်ကြား<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ် | ၈၁ | ၂၅% |
| အလွန်နွမ်းပါး | **အိမ်အခြေအနေ-** ထရံကာ သက်ကယ်မိုး<br>**မြေယာပိုင်ဆိုင်မှု-** မရှိ<br>**ကျွဲ၊ နွား-** မရှိ<br>**အခြားပိုင်ဆိုင်မှု-** မရှိ | - | - |
| စုစုပေါင်း | | စုစုပေါင်း | ၁၀၀ |

## ၂။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

ရာသီအလိုက် စိုက်ပျိုးသီးနှံများ၊ ရိတ်သိမ်းမှုများ၊ စိုက်ပျိုးချိန်အတွင်း နေ့စားလုပ်ငန်းရှိ/မရှိ စသည်တို့အားဆွေးနွေးခြင်း၊ မွေးမြူရေးအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုရှိ/မရှိ၊ ဂမ်းစာအခြေအနေ၊ ပွဲတော်များအကြောင်းဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကဆုန်၊ နယုန်လများတွင် စပါးပျိုးကာ၊ ဂါခေါင်လတွင် စိုက်ပျိုးကြပါသည်။ စပါး၊ မြေပဲ၊ ကြက်သွန် စသည်တို့ကိုစိုက်ပျိုးကာ ရာသီအလိုက် သီးနှံပေါ်ထွန်းချိန်၌သာ နေ့စားလုပ်ငန်းများရှိပြီး တစ်နေ့ဂင်ငွေ (၃၀၀၀)ကျပ် နှုန်းဖြင့်လုပ်ကိုင်ကြောင်းသိရှိရပါသည်။ ကျွဲ၊ နွား၊ ကြက်၊ ဂက် များကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နေ့စားလုပ်ငန်း စသဖြင့် အိမ်ထောင်စုတစ်စု၏ တစ်နှစ်တာဂင်ငွေ (၁၀၀၀၀၀၀)ကျပ်ခန့် ရရှိနိုင်ပါသည်။ ဂမ်းစာဖူလုံမှု အခြေအနေမှာ ဂါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဖူလုံမှုမရှိကြကြောင်းသိရှိရပါသည်။ မိုးရာသီတွင် ရံဖန်ရံခါ လေပြင်းတိုက်ခြင်း၊ ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ပွင့်လင်းရာသီတွင် ပြောင်းရွှေ့လုပ်သားများရှိကြောင်း၊ အခြားဒေသသို့ သွားရောက်လုပ်ကိုင်ကြောင်း သိရှိရပါသည်။ လရာသီတိုင်း ရာသီအလိုက် ပွဲတော်များ၊ အလှူမင်္ဂလာပွဲများကျင်းပပြုလုပ်ကြကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၃။ ကျေးရွာလူမှုရေးပြမြေပုံ နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

မံစီလေးကျေးရွာအတွင်းတွင်ရှိသော အဆောက်အဦများနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအားဆွေးနွေးခြင်း၊ သောက်သုံးရေရရှိမှုအခြေအနေများအားဆွေးနွေးခြင်း၊ လူနေထိုင်မှုပုံစံ၊ ကျန်းမားရေးအခြေအနေများအားဆွေးနွေးခြင်း။

**သုံးသပ်ချက်**

မံစီလေးကျေးရွာတွင် စီပွားရေးအဆင့် အမျိုးမျိုးရှိပြီး လူမျိုးစုခွဲခြားမှုမရှိဘဲ စုစည်းစွာနေထိုင်ကြပါသည်။ မံစီလေးကျေးရွာသည် ပင်လည်ဘူးမြို့နှင့် ၁၅မိုင်ခန့်ကွာဝေးပြီး ကျေးရွာတွင်းရှိလမ်းများ၊ ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းနှင့်ကျောက်ခင်းလမ်းများ ဖြစ်သောကြောင့် မိုးတွင်းကာလများတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲမှုရှိပါသည်။ ကျန်းမာရေးအတွက် ဆေးကုသမှုခံယူခြင်းကို ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာသောက်သုံးရေနှင့် ပတ်သက်၍ လက်တူးရေတွင်းများနှင့် ပိုက်ရေတွင်းများတူးဖော်ကာ သောက်သုံးကြပါသည်။ ဖူလုံမှုအားနည်းကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိ အဆောက်အဦများမှာ ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာဇရပ်၊ ဓမ္မာရုံ၊ စာကြည့်တိုက် စသည်ဖြင့် ရွာပိုင်အဆောက်အဦ များပြားစွာ ရှိကြောင်းတွေ့ရှိရပါသည်။ ပညာရေးတွင်လည်း မူလတန်းမှ အထက်တန်းကျောင်းခွဲထိ ဖွင့်လှစ်နိုင်ပြီး ပညာရေးတိုးတက်မှုရှိသော ကျေးရွာဖြစ်ကြောင်းသိရှိရပါသည်။

## ၄။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




## ဆွေးနွေးချက်

သဘာဝပတ်ဝန်းကျင် အရင်းအမြစ်များနှင့်ပတ်သက်၍ ကျေးရွာလူထုမှ အကျိုးခံစားမှုများဆွေးနွေးခြင်း၊ စီးပွားရေးလုပ်ကိုင်စားသောက်ရသော အရင်းအမြစ်များနှင့်ပတ်သက်၍ ပြဿနာဆိုးကျိုးများ ဖြစ်ပေါ်နိုင်မှု အခြေအနေများဆွေးနွေးခြင်း။

## သုံးသပ်ချက်

မံစီလေးကျေးရွာသည် နန်းမော်ချောင်းနှင့် တယောချောင်းအတွင်းမှ သဲ၊ ကျောက် အရင်းအမြစ်များကို ထုတ်ယူသုံးစွဲနိုင်ပါသည်။ စီးပွားရေးလုပ်ကိုင်စားသောက်ရသော အရင်းအမြစ်များနှင့် ပတ်သက်၍ လယ်ယာမြေများအသုံးပြုကာ စပါး၊ ပဲအမျိုးမျိုး၊ နှမ်း စသည်တို့ကို စိုက်ပျိုးရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ စားကျက်မြေများလည်းရှိပြီး တစ်နိုင်တစ်ပိုင် ကျွဲ၊ နွားများ မွေးမြူကြပါသည်။ မြေလွတ်၊ မြေရိုင်းများပေါ်များသော်လည်း နှစ်ရှည်သီးပင်များစိုက်ပျိုးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာပတ်လည်တွင် ရှိသော လယ်ကွင်းများနှင့် သစ်တောဧရိယာများမှာ ဆက်စပ်လျက်ရှိပြီး သစ်တောတွင်းမှ တောထွက်ပစ္စည်းများ၊ ထင်းများ ထုတ်ယူသုံးစွဲနိုင်ကြောင်းသိရှိရပါသည်။

၅။ အမျိုးသား/သမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



## ဆွေးနွေးချက်

ပထမဦးစားပေးလုပ်ငန်းဖြစ်သော ရွာတွင်းလမ်းတံတားများနှင့်ပတ်သက်၍ အခက်အခဲများအား ဆွေးနွေးခြင်း၊ ဖြေရှင်းနည်းလမ်းများဆွေးနွေးခြင်း၊ ကျေးရွာဖွံ့ဖြိုးမှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများအား ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် ဆွေးနွေးခြင်း။

## သုံးသပ်ချက်

မံစီလေးကျေးရွာအတွင်းတွင်ရှိသော ရွာတွင်းတံတားများမှာ စီမံကိန်းပထမနှစ်တွင် လုပ်ဆောင်ခဲ့ပြီးဖြစ်သော်လည်း ယခုစီမံကိန်းတတိယနှစ်တွင် ထပ်ပြီးလုပ်ဆောင်ရန် ဆွေးနွေးခဲ့ကြပါသည်။ ရွာတွင်းတံတားများ မကောင်းသည့်အတွက် ယာဉ်ကားများ မသွားလာနိုင်ခြင်း၊ လမ်းကျဉ်းမြောင်းခြင်း၊ လမ်းပမ်းဆက်သွယ်ရေးခက်ခဲခြင်း စသည်တို့အား ကြုံတွေ့နေရပါသည်။ ရွာတွင်းတံတားများမလုပ်ဆောင်နိုင်ခြင်းမှာ ကူညီထောက်ပံ့သည့် အဖွဲ့အစည်းမရှိခြင်း၊ ငွေကြေးအင်အားနည်းပါးခြင်း၊ ပူးပေါင်းပါဝင်မှု အားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



**ဆွေးနွေးချက်**

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ကျေးရွာလူထုမှ ဖော်ထုတ်ဆွေးနွေးခြင်း၊ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ရွေးချယ်ရန် ဆွေးနွေးခြင်း၊ လုပ်ငန်းခွဲကုန်ကျငွေ ခန့်မှန်းတွက်ချက်ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

ကျေးရွာလိုအပ်ချက် အခက်အခဲများကို ဦးစားပေးအဆင့်သတ်မှတ်ရာတွင် ဦးစားပေး(၁)အနေဖြင့် ရွာတွင်းတံတား၊ ဦးစားပေး(၂) အနေဖြင့် ရွာတွင်းလမ်းကျောက်ခင်းခြင်း၊ ဦးစားပေး(၃) အနေဖြင့် ကျေးရွာဈေးတည်ဆောက်ခြင်း၊ ဦးစားပေး(၄) အနေဖြင့် မူကြိုကျောင်းဆောင်တိုးချဲ့ခြင်း၊ ဦးစားပေး(၅) အနေဖြင့် ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်း စသည်တို့အား အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်သွားကြရန် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၈။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်




## ဆွေးနွေးချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် ဆောက်ရွက်နေသော ကျေးရွာတွင်းရှိ အဖွဲ့အစည်းများအား ဆွေးနွေးခြင်း၊ အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အခြေအနေများအား ဆွေးနွေးခြင်း။

## သုံးသပ်ချက်

ကျေးရွာတွင်းရှိအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား/သမီးအဖွဲ့၊ မီးသတ်အဖွဲ့၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ဆေးရုံကော်မတီအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ စီမံကိန်းကော်မတီအဖွဲ့ စသည့်အဖွဲ့များမှ ကျေးရွာအကျိုးပြုလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အနေအထားမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ သစ်တောဌာန၊ တိမွေးကု၊ စိုက်ပျိုးရေး၊ မြေစာရင်းဌာန၊ ကျေးလက်ဦးစီးဌာန စသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများဆောင်ရွက်နေကြောင်းသိရှိရပါသည်။

## ၉။ ကျား၊ မရေးရာခွဲခြမ်းစိတ်ဖြာခြင်း




**ဆွေးနွေးချက်**

အရင်းအမြစ်သုံးစွဲမှုများတွင် အမျိုးသား/သမီး အသုံးပြုခြင်း၊ ထိန်းချုပ်ခြင်းဆိုင်ရာများ ဆွေးနွေးခြင်း အမျိုးသား/သမီး တန်းတူအခွင့်အရေးရရှိခြင်း၊ အသုံးပြုမှုရရှိစေရန် ရည်ရွယ်ထားကြောင်း ဆွေးနွေးခြင်း။

**သုံးသပ်ချက်**

လယ်၊ ယာမြေသစ်တော၊ နန်းမော်ချောင်း၊ တယောချောင်း စသည့် သဘာဝပတ်ဝန်းကျင် အရစ်အမြစ်များအား အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရရှိပြီး လယ်ယာမြေများအား ထိန်းချုပ်ခြင်းတွင် အမျိုးသားများမှ ထိန်းချုပ်မှုရှိကြောင်းတွေ့ရှိရပါသည်။ သီးနှံစိုက်ပျိုးရောင်းချမှု၊ သစ်တောထွက်ပစ္စည်းများ အသုံးပြုမှုကို အမျိုးသား/သမီး တန်းတူအသုံးပြုခွင့်ရှိပြီး ထိန်းချုပ်မှု အပိုင်းတွင်လည်း တူညီမှုရှိကြောင်း တွေ့ရှိရပါသည်။ လက်ဂဝတ်ရတနာဖြစ်သော ရွှေထည်ပစ္စည်းများအား အမျိုးသား/သမီး အသုံးပြုခွင့်တူညီသော်လည်း ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးများမှ ထိန်ချုပ်မှုရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် အမျိုးသား/သမီးများ ပူးပေါင်းပါဝင်နိုင်မှု အခြေအနေများဆွေးနွေးခြင်း၊ အမျိုးသား/သမီး တန်းတူအခွင့်အရေးရရှိနိုင်ရေး အခြေအနေများအားဆွေးနွေးခြင်း၊ အမျိုးသမီးများ၏အားနည်းချက်များကို ဆွေးနွေးဖော်ထုတ်ခြင်း။

## သုံးသပ်ချက်

ပူးပေါင်းပါဝင်မှု၊ ဦးဆောင်ဆုံးဖြတ်ချက်ချမှုနေရာများတွင် အမျိုးသမီးများမှ အမျိုးသားများထက် နိမ့်ကျနေကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် တန်းတူသင်ကြားခွင့်ရှိပြီး အိမ်မှုကိစ္စများဆောင်ရွက်ရာတွင် သာလွန်၍ ဆောင်ရွက်ရကြောင်းသိရှိရပါသည်။ အရင်းအမြစ်အပေါ် အသုံးချမှုများတွင်လည်း တန်းတူအသုံးချမှုရှိပြီး ဝင်ငွေရှာနိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်းရှိမှုများတွင် အမျိုးသားများမှ ပိုမိုရရှိကာ အမျိုးသမီးများအား ဖေးမလက်တွဲကာ နေရာပေးသင့်ကြောင်း ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

လမ်းပမ်းဆက်သွယ်ရေး အခြေအနေများမှာ ယခုအခြေအနေထက် တိုးတက်ကောင်းမွန်လာရန် မျှော်လင့်ထားရှိမှု အခြေအနေများအား ဆွေးနွေးခြင်း၊ ကျေးရွာ၏ပညာရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ကောင်းမွန်လာရန် ဆောင်ရွက်သင့်သည့် အချက်များအား ဆွေးနွေးခြင်း။

## သုံးသပ်ချက်

စီမံကိန်းပထမနှစ်တွင် ရွာတွင်းတံတာပြုပြင်ခြင်းလုပ်ငန်းများအား လုပ်ဆောင်ခဲ့ပြီး နောင်နှစ်များစွာတွင် ရွာတွင်းလမ်းများ၊ ရွာချင်းဆက်လမ်းများ၊ လမ်းပမ်းဆက်သွယ်ရေး အခြေအနေများတိုးတက်ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဖက်ဖက်၌တိုးတက်ကောင်းမွန်လာရမည်။ ကျေးရွာဈေးများရှိလာပြီး အလုပ်အကိုင် အခွင့်အလမ်းများပေါ်များလာကာ လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။ သောက်သုံးရေ လုံလောက်စွာရရှိလာနိုင်ရမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ကျေးရွာလိုအပ်ချက် အခက်အခဲများကိုဖော်ထုတ်ပြီး ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ကာ ဆောင်ရွက်သွားကြရန် ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



လူငယ်အုပ်စု၏ မှတ်တမ်းဓါတ်ပုံ



ထိခိုက်လွယ်အုပ်စုများ၏ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



တတိယနှစ်စီမံကိန်းလုပ်ငန်းခွဲမဆောင်ရွက်မီမှတ်တမ်းဓါတ်ပုံ



တတိယနှစ်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ဆဲမှတ်တမ်းဓါတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးမင်းအောင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်အေးငြိမ်း | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးနေဂင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်ခင်သူဇာ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးစံချို | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးညိုမိုင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်မြဂယ် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်တင်မာဦး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးမြို့အောင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ ဥက္ကဌ |
| ၁၀ | ဒေါ်အေးမြတ်မွန် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်ခင်ချိုဦး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးထွန်းမောင် | ကျား | ကျေးရွာငွေစာရင်းကိုင် |
| ၁၃ | ဦးချစ်အောင် | ကျား | အကြံပြုချက်ဖြေရှင်းရေး |
| ၁၄ | ဒေါ်နီမာဂင်း | မ | အကြံပြုချက်ဖြေရှင်းရေး |
| ၁၅ | ဦးမောင်ချို | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အေမီထွန်း | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ (၁၆) ယောက်　　ကျား-၈ ယောက် +မ-၈ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးမင်းအောင်　ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ

ဒေါ်အေးငြိမ်း　ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊စာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်နန်းမြတ်မွန်

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၃ / ၁/ ၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)**

လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦးအောင်မြင့် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်နန်းမြတ်မွန် |
|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး မကွေး / မြို့နယ် ပခုက္ကူ | ကျေးရွာအုပ်စု ခဲတီကလေး | ကျေးရွာ ခဲတီကလေး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၃၂၈ | ဘာသာ (၁) -ဗုဒ္ဓ----- | ၃၂၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ(၆၅ နှစ်နှင့် အထက်) | ၈၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ- | ၈၀၅ | ၄၀၀ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၀၇ | ၄၅ |

၁၂၀၅

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☑ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေတိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☑ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ✓ ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း ✓
ကျောက်ခင်းလမ်း ✓ မြေသားလမ်း ✓ လူသွားလမ်း ✓ အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်းရှိပါသလား။


☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----[illegible]----------

လူထုဝပိုင်ပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ဓ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ
လူထုဝပိုင်ပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]
(၂) ----------------------------------

| | |
|---|---|
| ကျေးရွာခေါင်းဆောင် | အမည် [illegible] |
| | လက်မှတ် [signature] နေ့စွဲ ၂၀.၁၂.၂၀၁၆ |
| လူထုစည်းရုံးရေးမှူး | အမည် [illegible] |
| | လက်မှတ် နေ့စွဲ ၂၀.၁၂.၂၀၁၆ |



လူထုဗဟိုပြု [illegible] မကာန်း၊ စမကာန်းလကဈ္ဇ အပုင: - (၃) - ၂၉.၁၀.၂၀၁[illegible]

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံ [illegible] ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နန်းမြတ်ရွှေ | | | |
| နေ့စွဲ ၂၁-၁၂-၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ခချင် | မြို့နယ် ပခင်္ကတ္တား | ကျေးရွာအုပ်စု မဲ့ခိုကား | ကျေးရွာ မဲ့ခိုကား |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀-၁၂-၂၀၁၆ | ၂၀-၁၂-၂၀၁၆ | ၄၇ | ၁၀၅ | ၁၅၂ | မဟာ \| ၁၅၂ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၀-၁၂-၂၀၁၆ | ၂၀-၁၂-၂၀၁၆ | ၅၄ | ၁၇၀ | ၂၂၄ | မဟာ \| ၂၂၄ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃-၁-၂၀၁၇ | ၃-၁-၂၀၁၇ | ၁၇ | ၁၅ | ၃၂ | မဟာ → ၂၇, ရှမ်း → ၅ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | ၁၃-၃-၁၇ | ၁၃-၃-၁၇ | ၆၂ | ၁၁၇ | ၁၅၉ | မဟာ \| ၁၅၉ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၄.၃.၂၀၁၇ | ၁၄.၃.၂၀၁၇ | ၄၅ | ၁၁၇ | ၁၅၉ | ဗမာ | ၁၅၉ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၄.၃.၁၇ | ၁၄.၃.၁၇ | ၄၂ | ၁၁၇ | ၁၅၉ | ဗမာ | ၁၅၉ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နှင်းမြတ်မွန် | | | |
| နေ့စွဲ ၂၁.၁၂.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် [illegible] | ကျေးရွာအုပ်စု မြင့်စီကလေး | ကျေးရွာ မြင့်စီကလေး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းတံတားများ သွားလာရေးခက်ခဲခြင်း | ၁ | ကားများ သွားလာရေးခက်ခဲခြင်း |
| ၂ | ရွာတွင်းလမ်းများ ဗွက်ထူ၍ ဒုက္ခရောက်ခြင်း | ၂ | ရွာတွင်းလမ်းဗွက်ထူ၍ ဒုက္ခရောက်ခြင်း |
| ၃ | ကျေးရွာဈေး မရှိခြင်း | ၃ | အမျိုးသမီးများ ဝင်ငွေရှားပါးခြင်း |
| ၄ | ပွဲလမ်းသဘင်ကျင်းပရန်နေရာခက်ခဲခြင်း | ၄ | ပွဲလမ်းသဘင်ကျင်းပရန်နေရာခက်ခဲခြင်း |
| ၅ | မူကြိုကျောင်းဆောင်တိုးချဲ့ရန်လိုအပ်ခြင်း | ၅ | ကလေးများ ပညာသင်ကြားရာတွင်နေရာကျဉ်းမြောင်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းတံတားများ ကောင်းမွန်လာရမည် | ၁ | ရွာတွင်းလမ်းများ အားလုံး ကား သွားလာ၍ရနိုင်ရမည် |
| ၂ | ရွာတွင်းလမ်း ကျောက်ခင်းလမ်းဖြစ်ရမည် | ၂ | ရွာတွင်းလမ်း၊ တံတား ကောင်းမွန်ရမည် |
| ၃ | အလုပ်အကိုင်ပေါများလာရမည် | ၃ | အမျိုးသမီးများ ဝင်ငွေကောင်းရမည် |
| ၄ | ကျေးရွာပိုင်ဈေးဆောက်ဦးများရှိလာခြင်း | ၄ | ကျေးရွာပိုင်ဈေးဆောက်ဦးများ ရှိလာရမည် |
| ၅ | ကလေးများ ပညာသင်ရာတွင် နေရာထိုင်ခင်း ပြည့်စုံရမည် | ၅ | ကလေးများ ပညာသင်ရာတွင် နေရာထိုင်ခင်း ပြည့်စုံရမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းတံတား (၁)စင်း | ကျ / မ | ၅,၀၀၀,၀၀၀ | |
| ၂ | ရွာတွင်းလမ်းကျောက်ခင်း | ကျ / မ | ၁၀,၀၀၀,၀၀၀ | |
| ၃ | ကျေးရွာဈေးတည်ဆောက် | မ | ၁၀,၀၀၀,၀၀၀ | |
| ၄ | မူကြိုကျောင်းတိုးချဲ့ခြင်း | ကျ / မ | ၅၀၀၀၀၀၀ | |
| ၅ | ကျေးရွာခန်းမဆောင် | ကျ | ၁၀,၀၀၀,၀၀၀ | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်နှင်းမြတ်မွန် | | |
| နေ့စွဲ ၂၁-၁၂-၂၀၁၆ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရိုက်ပျိုးမှု နည်းပညာ အားနည်း | ၁ | စက်ချုပ်သင်တန်းများတက်ရောက်လိုခြင်း |
| ၂ | စက်ပြင်သင်တန်းများ မရှိခြင်း | ၂ | ရိုက်ပျိုးနည်းပညာအားနည်းခြင်း |
| ၃ | စားသောက်ကုန်ပစ္စည်းထုတ်လုပ်ပါရန် | ၃ | ရင်းနှီးမရှိခြင်း |
| ၄ | အားနည်းခြင်း | ၄ | စားသောက်ကုန်ပစ္စည်းထုတ်လုပ်ပါရန် |
| ၅ | ရင်းနှီးမရှိခြင်း | ၅ | အားနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရိုက်ပျိုးနည်းပညာတိုးပွားရမည် | ၁ | ရိုက်ပျိုးနည်းပညာများတိုးပွားလာရမည် |
| ၂ | အလုပ်အကိုင်အခွင့်အလမ်းများ ရှိမည် | ၂ | လက်မှုပညာများ ဝင်ငွေကြွယ်ဝရမည် |
| ၃ | လက်မှုပညာများ ကျွမ်းကျင် | ၃ | အလုပ်အကိုင်အခွင့်အလမ်းများ |
| ၄ | ဝင်ငွေ ကြွယ်ဝစွာ ရမည် | ၄ | ပေါ်များလာရမည် |
| ၅ | ရင်းနှီးငွေများ ရရှိနိုင်ရမည် | ၅ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | | | | |
| ၂ | | | | |
| ၃ | | | | |
| ၄ | | | | |
| ၅ | | | | |

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆


ယ။ လူတုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးနည်းပညာ | ကျ/မ | |
| ၂ | လက်မှုပညာသင်တန်း | ကျ/မ | |
| ၃ | စက်ချုပ်သင်တန်း | မ | |
| ၄ | စားသောက်ကုန်ထုတ်လုပ်မှုပညာ | ကျ/မ | |
| ၅ | ဒေရင်းကြိုး၊မွေးရေး | ကျ | |

ဥက္ကဋ္ဌ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးဌေးအောင် လက်မှတ် ---------- နေ့စွဲ ၂၁.၀၂.၂၀၁၆

# ၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ



## ၁၃။ အစည်းအဝေး မှတ်တမ်းများ

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ မံစီလေး ........

ကျေးရွာအုပ်စု ........ မံစီလေးအုပ်စု ........

အစည်းအဝေးပြုလုပ်သည့်နေရာ ........ ရွာဦး ........

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၂၀-၁၂-၂၀၁၆ ........

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ........ တာဝန်ယူမှုစီမံကိန်း မိတ်ဆက်အစည်းအဝေး ........ ဆောင်ရွက်ဆဲလုပ်ငန်းများ ရွေးချယ်ခြင်း၊ လူမှုဝန်းကျင်စစ်ဆေးခြင်းများ ပြုလုပ်ခြင်း ........

အစည်းအဝေး တက်ရောက်သူဦးရေ။ ။ ကျား ( ၄၇ ) ဦး၊ မ ( ၁၀၅ ) ဦး = ( ၁၅၂ ) ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်များ

- လူထုစည်းရုံးရေးမှူး ဝန်ထမ်းများနှင့် လက်တွေ့ဆောင်ရွက်နည်းပညာမှူးများမှ မိတ်ဆက်ခြင်း အစီအစဉ်ဖြင့် တာဝန်ယူမှုစီမံကိန်း မိတ်ဆက် အစည်းအဝေး အား စတင်ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာအုပ်ချုပ်ရေးမှူးမှ အမှာစကား ပြောကြားကာ မိမိကျေးရွာ စီမံကိန်း ဖြစ်ကြောင်း၊ ပူးပေါင်းပါဝင်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။
- လူထုစည်းရုံးရေးမှူးမှ စီမံကိန်းရည်ရွယ်ချက်၊ ထောက်ပံ့ငွေ များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။
- အကြံပြုဖြေရှင်းရေး စနစ် များ ထည့်သွင်းထားခြင်းနှင့် အကျိုးကျေးဇူးများ၊ ကျား/မ ရေးရာ ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခြင်း များ ပြုလုပ်ခဲ့ပါသည်။
- စီမံကိန်း စက်ဝိုင်းလည်ပတ်ပုံ အဆင့်ဆင့်အား ရှင်းပြကာ တစ်ဆင့်ပြီးမှ တစ်ဆင့် လုပ်ဆောင်ရကြောင်း၊ စီမံကိန်း မူဝါဒ များကို လိုက်နာကျင့်သုံး ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းပြဆွေးနွေးခဲ့ပါသည်။
- မံစီလေး ကျေးရွာ၏ အဖွဲ့အစည်းဖွဲ့စည်းမှု အခြေအနေများနှင့် အမျိုးသား၊ အမျိုးသမီး ပူးပေါင်းပါဝင်မှု၊ ဝင်ငွေ ရရှိမှု၊ ဦးဆောင်မှု အခြေအနေများအား ဝိုင်းဝန်းဆွေးနွေးကာ ပင့်ကူအိမ်ပြ မြေပုံ အဖြစ် ရေးဆွဲခြင်း များ ပြုလုပ်ခဲ့ပါသည်။

- လူမှုစီးပွား အခြေခံသတင်းအချက်များ ၊ စံနှုန်းများထားရှိကာ ကျေးရွာလူထုမှ သတ်မှတ် ဆွေးနွေးခဲ့ကြပါသည်။
- ရာသီဥတုမြေပြင်ဒေသများ ရေးဆွဲကာ ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်များအား သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာလူထု ၊ ကျေးရွာခေါင်းဆောင်များနှင့် ပတ်သက်၍ တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများအား အသေးစိတ် ဆွေးနွေးချက်များ ရေးသွင်းစေကာ (group work) များဖြင့် ဆွေးနွေးပြုလုပ်ခဲ့ကြပါသည်။
- ကျေးရွာစေတနာ့ဝန်ထမ်းများ ရွေးချယ်ပေးရန်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စိတ်ဝင်စားစွာ လုပ်ဆောင်ပေးနိုင်သူအား ကျေးရွာလူထုမှ အများသဘောဖြင့် မဲပေးရွေးချယ်သွားကြရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

<u>ဆုံးဖြတ်ချက်များ</u>

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များအား ကျေးရွာလူထုကိုယ်တိုင် ရေးဆွဲသွားကြရန်။
- စီမံကိန်းလုပ်ဆောင်ရာတွင် ကျေးရွာလူထုမှ ပူးပေါင်းပါဝင်လုပ်ဆောင်သွားကြရန်။

<u>သဘောတူညီချက်များ</u>

- တတ်နိုင်သမျှ စီမံကိန်းလုပ်ဆောင်ရာတွင် စီမံကိန်းပစ္စည်းများအား ပေါက်ဈေးကျင့်သုံးရန်။
- ကျေးရွာလူထု ၊ ကော်မတီများ ပူးပေါင်းဆောင်ရွက်ရန်။ အများသဘောများဖြင့် လုပ်ဆောင်သွားကြရန်။

မှတ်တမ်းတင်သူ
ဇော်မြင့်
ဦးဇော်မြင့်

လူထုလှုပ်ရှားမှုစီမံကိန်း

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ... မဲဇီလေး

ကျေးရွာအုပ်စု ... မဲဇီလေး

အစည်းအဝေးပြုလုပ်သည့်နေရာ ... ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ... ၂၁.၁၂.၂၀၁၆

အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ... ဒါဝီယာနှင့် စီမံကိန်း ပထမအကြိမ် မိတ်ဆက် အစည်းအဝေး၊ ကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းစဉ်ရွေးချယ်ခြင်း

အစည်းအဝေး တက်ရောက်သူဦးရေ။ ကျား ( ၄၄ ) ဦး၊ မ ( ၁၇၀ ) ဦး = ( ၂၁၄ ) ဦး

ချမှတ်ချက်၊ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင် ... ပါဝင်ရမည်။

## ဆွေးနွေးခြင်းများ

- လူထုစည်းရုံးရေးမှူး ဝန်ထမ်းများမှ ကော်မတီဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ရှင်းပြခဲ့ပါသည်။
- ယခင်ဒါဝီယာနှင့် ကော်မတီများမှ ဆက်လက်ရပ်တည်ခြင်းရှိကြောင်း (သို့) အသစ်ပြန်လည်ဖွဲ့စည်းရန်လိုအပ်ချက်၊ ဖွဲ့စည်းရမည်ဖြစ်ကြောင်း ရှင်းပြဆွေးနွေးခဲ့ပါသည်။
- ဒါဝီယာနှင့် ကော်မတီဝင်များ၏ သဘောဆန္ဒများကို မေးမြန်းကာ ဒါဝီယာနှင့် ကော်မတီ အဖွဲ့ဝင်များ ရွေးချယ်သွားကြရန် ဆွေးနွေးခဲ့ကြပါသည်။
- ကျေးရွာလိုအပ်ချက်၊ အခက်အခဲများကို အမျိုးသား၊ အမျိုးသမီး အဖွဲ့များ အုပ်စုငယ်များ ဖွဲ့ကာ ဆွေးနွေးရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။
- တစ်ရွာလုံး၏ သဘောတူညီမှုဖြင့် ကျေးရွာ၏ အခက်အခဲ၊ လိုအပ်ချက် များအား ကျေးရွာ၏ လူမှုရေးပြမြေပုံ၊ အရင်းအမြစ်ပြမြေပုံ၊ [illegible] မြေပုံ များရေးဆွဲခြင်းဖြင့် သုံးသပ်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ဦးစားပေးလုပ်ငန်းစဉ်များအား ပြဿနာသစ်ပင် ရေးဆွဲကာ ဖြေရှင်းမည့် နည်းလမ်းများအား သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။

- ကျေးရွာအရင်းအမြစ်များအား အသုံးချမှု၊ ထိန်းချုပ်မှု များနှင့်ပတ်သက်၍ အမျိုးသား ၊ သမီး အခြေအနေများအား ဆွေးနွေးခဲ့ကြပါသည်။
- လူမှုဆက်စပ်ဖြစ်ခြင်းဆိုင်ရာ သုံးသပ်ချက်များအား ကျေးရွာလူထုသို့ ရှင်းပြ ဆွေးနွေးခဲ့ပါသည်။
- ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများ ၊ စီမံကိန်းလုပ်ငန်းစဉ်များအား အနှစ်ချုပ် ရှင်းပြခြင်းများ ပြုလုပ်ခဲ့ပါသည်။
- ကျေးရွာအုပ်ချုပ်ရေးမှူး မှ ကျေးရွာလူထု၊ ကော်မတီဝင်များအား မိမိ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်လုပ်ဆောင်ပေးရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

## သုံးဖြတ်ချက်များ

- အများ၏ သဘောတူညီမှုဖြင့် ကော်မတီဝင်များ ရွေးချယ်တာဝန်ပေးရန်။
- ဦးစားပေးလုပ်ငန်းခွဲများ ရွေးချယ်သတ်မှတ်ပေးရန်။
- ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ဆောင်သွားကြရန်။
- စီမံကိန်းလုပ်ငန်းခွဲများ လုပ်ဆောင်ရာတွင် အများသဘောများဖြင့် ဆောင်ရွက်ရန်။ ပွင့်လင်းမြင်သာမှုဖြင့် အသိပေးရှင်းပြရန်။
- ကျေးရွာလူထုနှင့် ကော်မတီဝင်များ ပူးပေါင်းဆောင်ရွက်ရန်။

## သဘောတူညီချက်များ

- ဦးစားပေး လုပ်ငန်းခွဲများအား ရွာအတွင်း ဝါတား များ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြပါသည်။
- ကျေးရွာမှ ရွေးချယ်ထားသော ကော်မတီဝင်များမှလည်း တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားကြရန်။
- လူထုလုပ်အားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်။ သဘောတူညီခဲ့ကြပါသည်။

မှတ်တမ်းတင်သူ
[signature]
ဦးမောင်ချို
စေတနာ့ဝန်ထမ်း

## ၁၄။ နောက်ဆက်တွဲ(၄) ခြားနားသောအစိတ်အပိုင်းများအတွက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အနစ်ချုပ်

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
အနှစ်ချုပ်

မူရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ ဝဲစိကော်

MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာတွင်းတံတား | ☑ ကျား ☑ မ | | |
| | ၂ | ရွာတွင်းလမ်း [illegible] | ☑ ကျား ☑ မ | | |
| | ၃ | ကျေးရွာဈေး | ☐ ကျား ☑ မ | | |
| | ၄ | ဘုန်းကြီးကျောင်း | ☑ ကျား ☑ မ | | |
| | ၅ | ကျေးရွာခန်းမဆောင် | ☑ ကျား ☐ မ | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေးဖွံ့ဖြိုးရေး | ၁ | စိုက်ပျိုးနည်းပညာ | ☑ ကျား ☑ မ | | |
| | ၂ | စက်ပြုပြင်သင်တန်း | ☑ ကျား ☐ မ | | |
| | ၃ | စက်ချုပ်သင်တန်း | ☐ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး နှင့် ကျန်းမာရေး | ၁ | | ☐ ကျား ☐ မ | | |
| | ၂ | ဆေးဝါးပစ္စည်းများ | ☑ ကျား ☑ မ | | |
| | ၃ | [illegible]တစ်ယောက် | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| သဘာဝ | ၁ | ဘုန်းကြီးကျောင်းတိုးချဲ့ရန် | ☑ ကျား ☑ မ | | |
| | ၂ | သဘာဝ[illegible]ပစ္စည်း | ☑ ကျား ☑ မ | | |
| | ၃ | ကွန်ပျူတာသင်တန်း | ☑ ကျား ☑ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | ၂၄ နာရီ မီးလင်းရေး | ☑ ကျား ☑ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |